**ကျောက်လွှန်းလို့မှန်း**

အစ္စလာမ့်သမိုင်းကို ပြန်ကြည့်-

လူတကာရဲ့ အညှိုးအောက်မှာ

အထုအထောင်းခံရတဲ့လူမျိုး

ဘယ်တုံးကမှ ဦးမကျိုးခဲ့။ ။

အစ္စလာမ်သာသနာ-

မှန်တာကို တဲ့တဲ့ပြောလို့

မနာလို ဝန်တိုသူများ

ဒါပေမယ့် တိုးပွားလျှက်သာ။ ။

သမိုင်းတစ်လျှောက်-

အစ္စလာမ်ကို ဒေါက်ထောက်ပေးတာ

ဘယ်သူတွေ ရှိလို့လဲ

ကိုယ့်ဟာကို လျှောက်ခဲ့တာချည်း။ ။

ထုထား၊ ထောင်းထား၊

ဖိထား၊ နှိပ်ထားတဲ့  ကြားက

အတွေးအခေါ်၊ အယူအဆ၊ ဒသန

အစ္စလာမ်က အားလုံးကို ကျော်ဖြတ်ခဲ့ပြီ-

ဘယ်သူတွေမုန်းမုန်း

အပြုံးနဲ့ ကြိုဆိုပေးလိုက်ပါ။ ။

ဌေးလွင်ဦး

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com